၁၃၅၉၅။ ဒေါ်ခင်ဥမ္မာစိုး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-မြစ်ကိုင်း၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၅၉၆။ ဒေါ်သန်းသန်းနွဲ့၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-မြစ်ကိုင်း၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၅၉၇။ ဒေါ်ခင်ထား၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ပေါင်လောင်ရှင်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၅၉၈။ ဦးကျော်ဆန်းဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ပန်းဘဲတိုက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၅၉၉။ ဒေါ်မြမြဌေး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ခန်တော၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၀။ ဦးကျော်ညွန့်ဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-နှောကုန်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

a Nu/2024 Gazette/gazette (24) 14

၁၃၆၀၁။ ဒေါ်မြင့်မြင့်စီ၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–ပေါင်လောင်ကန်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၂။ ဒေါ်သန်းသန်းဝေ၊ လက်ထောက်မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–ပေါင်လောင်ကန်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၃။ ဒေါ်မော်မော်သန်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–ထန်းပင်ကန်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၄။ ဒေါ်စန်းစန်းအေး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၅။ ဦးထွန်းလင်းဦး၊ လုပ်သား(ဥယျာဉ်)၊ မြို့နယ်ပညာရေးမှူးရုံး၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၆။ ဒေါ်သီတာအေး၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ရေစကြို၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၇။ ဒေါ်ခင်နှင်းယု၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ရေစကြို၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၈။ ဒေါ်လဲ့လဲ့ဝင်း၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ရေစကြို၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၀၉။ ဒေါ်ချိုချိုမာ၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ရေစကြို၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၀။ ဒေါ်ရီရီနိုင်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၁။ ဒေါ်ခင်ကျော်သူ၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၂။ ဒေါ်နွယ်နွယ်ဦး၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၃။ ဒေါ်စန်းစန်းအေး၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၄။ ဒေါ်ခင်မျိုးကြည်၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၅။ ဒေါ်သီရိကျော်၊ ဒုတိယမူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၆။ ဦးမျိုးတင့်၊ အစောင့်၊ အခြေခံပညာအထက်တန်းကျောင်း–စိတ္တသုခ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၇။ ဒေါ်စုမာအောင်၊ အထက်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း–ဆင်ချောင်း၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၈။ ဦးမောင်မောင်မြင့်ကျော်၊ အကြီးတန်းစာရေး၊ အခြေခံပညာအထက်တန်းကျောင်း–ဆင်ချောင်း၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၁၉။ ဒေါ်အမာဆွေ(ခ)ဒေါ်မာမာဆွေ၊ အထက်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း–ကြက်ဆူကျင်း၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၀။ ဒေါ်ခင်ဆွေဝင်း၊အထက်တန်းကျောင်းအုပ်၊အခြေခံပညာအထက်တန်းကျောင်း–ဗလဗ၊ရေစကြိုမြို့နယ်၊မကွေးတိုင်းဒေသကြီး

၁၃၆၂၁။ ဒေါ်လဲ့လဲ့ဝင်း၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ဗလဗ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၂။ ဒေါ်မြင့်မြင့်အေး၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ဗလဗ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၃။ ဒေါ်မြမြ၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ဗလဗ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၄။ ဒေါ်ညွန့်ညွန့်ဝင်း၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ဗလဗ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၅။ ဒေါ်တင်တင်ဝင်း၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ဗလဗ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၆။ ဒေါ်မြမြမော်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–မြေတော်၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၇။ ဒေါ်အေးအေးသွင်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–မြေတော်၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၈။ ဒေါ်စန်းယုမေ၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–မြေတော်၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၂၉။ ဒေါ်ငွေးမြင့်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ကမ်းဖြူ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃၆၃၀။ ဒေါ်မိုးမိုး၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–ကမ်းဖြူ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

[ ဆက်လက်ဖော်ပြပါမည်။ ]

la Nu/2024 Gazette/gazette (24) 15

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်)

**အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးချမ်းအေးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးအောင်ကျော်မိုးသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

a Nu/2024 Gazette/gazette (24) 16

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်)

**မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂၈/၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ** တွင် ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်)

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရပြန်ကြားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံးမှညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်မောင် အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင် အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးဝင်းကျော်အောင်သည် ပြန်ကြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

la Nu/2024 Gazette/gazette (24) 17

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်)

### ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြန်လည်ရုပ်သိမ်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၁၊ ၂/၂၀၁၃၊ ၂၄/၂၀၁၆၊ ၂/၂၀၁၈၊ ၂/၂၀၂၁၊ ၂/၂၀၂၂ နှင့် ၂၁၁/၂၀၂၂ တို့ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်များ ချီးမြှင့်ခြင်းခံခဲ့ရသည့် အောက်ပါပုဂ္ဂိုလ်တို့အား ချီးမြှင့်ခဲ့သည့် ယှဉ်တွဲပါ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်များအား ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်အပိုဒ် ၆၇ (ဂ)၊ ၆၈ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ ပြန်လည်ရုပ်သိမ်းလိုက်သည်-

| | | | | |
|---|---|---|---|---|
| (က) | ကြည်း | ၁၇၅၄၀ | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း | စည်သူဘွဲ့၊ သီရိပျံချီဘွဲ့ |
| (ခ) | ကြည်း | ၂၁၃၉၅ | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | စည်သူဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့ |
| (ဂ) | ကြည်း | ၂၈၁၃၃ | ဗိုလ်ချုပ် ကိုကိုမောင် | ဇေယျကျော်ထင်ဘွဲ့ |
| (ဃ) | ကြည်း | ၂၈၂၃၉ | ဗိုလ်ချုပ် မြတ်သက်ဦး | သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် |
| (င) | လေ | ၄၀၇၀ | ဗိုလ်ကြီး တင်အောင်ခိုင် | နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) |
| (စ) | ၆၁၉၈၇၀ | | တပ်ကြပ်ကြီး ဆန်းဝင်း | သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် |

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများအား ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ နှင့်အညီ စနစ်တကျဝယ်ယူဆောင်ရွက်နိုင်ရန် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဦးမောင်မောင်တင့်<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဥက္ကဋ္ဌ |

a Nu/2024 Gazette/gazette (24) 18

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခခ) | ဦးဇော်မင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးကောင်းဇော်သန့်<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးကျော်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကော်မရှင်ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ဦးကျော်ထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးသန်းဇော်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဒေါ်အေးမြတ်မွန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဦးအေးမင်းသောင်း<br>ညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဦးလင်းဝေအောင်<br>ညွှန်ကြားရေးမှူး<br>ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ညည) | ဦးမျိုးသက်ပိုင်<br>ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋဋ) | ဦးထိန်လင်း<br>အမြဲတမ်းအတွင်းဝန်<br>ကော်မရှင်ရုံး | အတွင်းရေးမှူး |
| (ဌဌ) | ဦးလွင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကျပ် ၂၀ သန်းအောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ တင်ဒါကော်မတီအနေဖြင့် ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူ ထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခခ) ကျပ် ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေး

la Nu/2024 Gazette/gazette (24) 19

ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂဂ) ကျပ် ၂၀၀ သန်းအထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃဃ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(ငင) ဆောင်ရွက်မည့် စီမံကိန်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(စစ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဆဆ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

(ဇဇ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဈဈ) တင်ဒါသွင်းရမည့်အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ညည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဋဋ) တင်ဒါအောင်မြင်သူများအား ကြော်ငြာခြင်း၊

(ဌဌ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဍဍ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဎဎ) တင်ဒါကော်မတီသည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများဆောင်ရွက်ခြင်း။

**(ခ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**(၁) ဖွဲ့စည်းခြင်း**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- |
| (ကက) | ဦးကျော်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကော်မရှင်ရုံးအဖွဲ့ | ဥက္ကဋ္ဌ |

a Nu/2024 Gazette/gazette (24) 20

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- |
| (ခခ) | ဦးကျော်ကျော်နိုင်<br>ညွှန်ကြားရေးမှူး<br>သိမ်းဆည်းပစ္စည်းစီမံခန့်ခွဲရေးဌာနခွဲ<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးဗိုလ်ဝင်း<br>ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်နန်းရတနာထွန်း<br>ညွှန်ကြားရေးမှူး<br>တားဆီးကာကွယ်ရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဒေါ်နန်းချောစိန်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဒေါ်ရတနာဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အဖွဲ့ခွဲ (၁)၊ ကော်မရှင်ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (ဆဆ) | ဦးစိုးမွန်သူ<br>ဦးစီးအရာရှိ<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဒေါ်ရီရီသန့်<br>ဒုတိယညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဦးအေးမင်းသောင်း<br>ညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃဃ) အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့်ရှင်းလင်းချက်များကို ဖော်ပြရမည်ဖြစ်ခြင်း၊

(ငင) တင်ဒါရွေးချယ်မှုအား တင်ဒါကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး စာချုပ်ချုပ်ဆိုရေး ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(စစ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိတို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

la Nu/2024 Gazette/gazette (24) 21

(ဆဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇဇ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်း အနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဈဈ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ညည) တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့်စာချုပ်တွင် အောက်ပါအချက်များ ပါဝင်စေရမည်-

(၁) စာချုပ်ချုပ်ဆိုသည့် နှစ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များ၊

(၂) ပေးသွင်းရမည့်ပစ္စည်းနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအတွက် သတ်မှတ် ဖော်ပြချက်များ၊ အရေအတွက်နှင့် လုပ်ငန်းပမာဏ၊

(၃) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပေးသွင်းရမည့် နေရာနှင့် အချိန်၊

(၄) စာချုပ်တန်ဖိုးနှင့် ပေးဆောင်ရမည့်အခွန်၊

(၅) ပေးချေမည့်ငွေအမျိုးအစား (ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ)၊

(၆) ငွေပေးချေမည့်ကာလနှင့် အစီအစဉ်၊

(၇) စာချုပ်ပါ အခြားအချက်/အခြေအနေများ၊

(၈) ဝန်ဆောင်မှုနှင့် အာမခံကာလ၊

(၉) လုပ်ငန်းအာမခံကြေးပြန်လည်ထုတ်ပေးမည့်အစီအစဉ်၊

(၁၀) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) အတွက် ဆောင်ရွက်မည့် အစီအစဉ်။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဒေါ်အေးမြတ်မွန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒေါ်ဇာဇာမိုး<br>ညွှန်ကြားရေးမှူး<br>အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဒေါ်ခင်ဖြူပွင့်<br>ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဌာနခွဲ<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်စုစု<br>ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဌာနခွဲ<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဒေါ်နှင်းနှင်းသောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

a Nu/2024 Gazette/gazette (24) 22

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စစ) | ဒေါ်စောစန္ဒာအေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဦးကျော်သူ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဒေါ်ညိုညိုမြင့်<br>ဒုတိယညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဦးလင်းဝေအောင်<br>ညွှန်ကြားရေးမှူး<br>ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(၂) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီသည် ဝယ်ယူမည့်ပစ္စည်းများ၏ အနိမ့်ဆုံးဈေးနှုန်းကို လေ့လာစုံစမ်း၍ တင်ဒါကော်မတီသို့ တင်ပြရမည်၊

(ခခ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသောနမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဂဂ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃဃ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးအပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ငင) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ

(၁) ဖွဲ့စည်းခြင်း

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဦးကျော်ထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒေါ်ခင်မိုးဦး<br>ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဒေါ်စိုးစိုးမော်<br>ညွှန်ကြားရေးမှူး<br>သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာနခွဲ<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

la Nu/2024 Gazette/gazette (24) 23

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဃဃ) | ဒေါ်နန်းမြကြာခြည်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>တားဆီးကာကွယ်ရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဦးလင်းလင်းထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးရဲနောင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>အထွေထွေစီမံခန့်ခွဲရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဦးမျိုးသက်ပိုင်<br>ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(ခခ) ပစ္စည်းဝယ်ယူခြင်းစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ပေးပို့လာသည့် ပစ္စည်းများကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးရမည်ဖြစ်ခြင်း၊

(ငင) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စစ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဆဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၂။ တင်ဒါကော်မတီများအနေဖြင့် သတ်မှတ်ထားရှိသောလုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်အတွက် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ကြပြီး ဝယ်ယူသည့်ပစ္စည်းအရေအတွက်နှင့် သတ်မှတ်စံချိန်စံညွှန်းများ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား တင်ဒါကော်မတီထံ တင်ပြကြရန်ဖြစ်ပါသည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၄ အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စစ်အေး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

a Nu/2024 Gazette/gazette (24) 24

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ ဝင်ငွေခွန်အယူခံမှုအမှတ်-၁**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| Thandar Pale Company Limited<br>ဦးအောင်မြင့်ထွန်း (အခွင့်ရကိုယ်စားလှယ်)၊<br>အမှတ် (၃၆)၊ (၅ လွှာ/ ဘီ)၊<br>ဇေယျဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ<br>အခွန်ရုံး (၄)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊<br>အမှတ် (၄၉)၊ မြေတိုင်း (၈၅/ကံဘဲ့)၊<br>စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊<br>ရန်ကင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဒေါ်ခင်လေးမွန်၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးတင်ထွေး(ဌာနဆိုင်ရာကိုယ်စားလှယ်)<br>ပြည်တွင်းအခွန်များဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာ လ ၃၀ ရက် |

**စီရင်ချက်**

အမှုမှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) တွင် အခွန်ထမ်းဆောင်နေသော Thandar Pale Company Limited သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၂၀၂၀-၂၀၂၁ စည်းကြပ်နှစ်) အတွက် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) က ၁၄-၁၀-၂၀၂၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အခွန်စည်းကြပ် တောင်းခံလွှာ [ပတခ (၀C) - ၈] အပေါ် ကျေနပ်မှု မရှိပါသဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထား ခဲ့ရာ ပြန်လည်သုံးသပ်မှု လျှောက်ထားရမည့် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထားခြင်း မရှိကြောင်း တွေ့ရှိရသည့်အတွက် ကနဦးအကြောင်းပြချက်ဖြင့် “ပလပ်” လိုက်ကြောင်း ၁၀-၃-၂၀၂၂ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ သည့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါသဖြင့် အခွန်အယူခံ ခုံအဖွဲ့ထံသို့ အယူခံတင်သွင်းလာသည့် ဝင်ငွေခွန်အယူခံမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် အမှုတွဲပါ စာတမ်းအမှတ် အသားများ၊ သက်သေခံချက်များနှင့် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များကို အသေးစိတ်ကြည့်ရှုလေ့လာခဲ့ရာ လျှောက်ထားသူ၏ လျှောက်ထားချက်မှာ အပိုင်း (၂) ပိုင်း ပါဝင်ကြောင်း တွေ့ရှိရသည်။ ပထမအပိုင်းမှာ ကာလစည်းကမ်းသတ် (၂) ရက် ကျော်လွန်ခြင်းကြောင့် ကနဦး အကြောင်းပြချက်ဖြင့် ပလပ်လိုက်သော ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်အမိန့်သည် အခွန်စည်းကြပ်မှုအား ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထား တောင်းဆိုချက်အပေါ် ရည်ညွှန်းအဖြေပေးသည့် ဆုံးဖြတ်အမိန့်ဖြစ်ကြောင်း မှတ်ယူနိုင်ခြင်း မရှိသည့်အတွက် အဆိုပါ ဆုံးဖြတ်ချက်အမိန့်အား ကျေနပ်မှုမရှိကြောင်း တင်ပြချက်အပိုင်း ဖြစ်သည်။ ဒုတိယအပိုင်းမှာ လျှောက်ထားသူ ကုမ္ပဏီ၏ ပေးဆောင်ထားသော အခွန်ပမာဏသည် စည်းကြပ်ထိုက်သည့် ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ပမာဏထက် ကျော်လွန်ပါကြောင်း စစ်ဆေးတွေ့ရှိပါက အခွန်ဆိုင်ရာစီမံ အုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ နှင့် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၃၇ တို့နှင့်အညီ ပြန်အမ်းငွေထုတ်ပေးရန် သို့မဟုတ် လာမည့် ၁၂ လ အတွင်း လျှောက်ထားသူ ကုမ္ပဏီက ပေးဆောင်ရမည့် အခွန်တာဝန်အတွက် ကြိုတင်ခွန် ပမာဏအဖြစ် ခွန်မိခင် ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးစေလိုသည် တင်ပြချက်အပိုင်းတို ဖြစ်သည်။

la Nu/2024 Gazette/gazette (24) 25

အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) တွင် ခုံအဖွဲ့ရှေ့မှောက်၌ အမှုများကို ကြားနာသည့်အခါ တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားရာ စည်းကမ်းသတ်ကာလကျော်လွန်ပြီးမှ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကနဦး အကြောင်းပြချက်ဖြင့် ပလပ်ခဲ့သည့် အမိန့်ကို အခွန်အယူခံခုံအဖွဲ့အနေဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ ပါ ပြဋ္ဌာန်းချက်များအရ လုံလောက်သောအကြောင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်း ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်နိုင်ခွင့်ရှိပေသည်။

အငြင်းပွားမှုသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ ကာလစည်းကမ်းသတ် (၂) ရက် ကျော်လွန်နေခြင်းကြောင့် ကနဦး အကြောင်းပြချက်ဖြင့် ပလပ်လိုက်ကြောင်း ဆုံးဖြတ်ထားခြင်းအပေါ် အယူခံဝင်ရောက်ခြင်းဖြစ်သဖြင့် လုံလောက်သော အကြောင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်း ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်ရန် ဖြစ်သည်။ ဒုတိယအပိုင်းအဖြစ် လျှောက်ထားသူ တင်ပြထားသော လျှောက်ထားသူကုမ္ပဏီ၏ ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်ထိုက်သော ပမာဏ သို့မဟုတ် ပေးဆောင်ရန် တာဝန်ရှိသည့် အခွန် ပမာဏထက် ကျော်လွန်ပါကြောင်း စစ်ဆေးတွေ့ရှိပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ နှင့် ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၇ တို့နှင့်အညီ ပြန်အမ်းငွေ ထုတ်ပေးရန် သို့မဟုတ် လာမည့် ၁၂ လ အတွင်း လျှောက်ထားသူကုမ္ပဏီမှ ပေးဆောင်ရမည့် အခွန်တာဝန်အတွက် ကြိုတင်ခွန် ပမာဏအဖြစ် ခုနှိမ်ခွင့် ရရှိနိုင်ရန် အတွက် ဆောင်ရွက်ပေးနိုင်ပါရန်ဆိုသည့် လျှောက်ထားချက်မှာမူ ညွှန်ကြားရေးမှူးချုပ်က စီမံအုပ်ချုပ်မှုနည်းလမ်း အရ သုံးသပ်ဆုံးဖြတ်ခြင်း မပြုသေးသဖြင့် ဤအခွန်အယူခံခုံအဖွဲ့က ယင်းအချက်အပေါ် ဆုံးဖြတ်ပေးနိုင်မည် မဟုတ်ပေ။

လျှောက်ထားသူက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းသည့်နေ့မှာ ကာလစည်းကမ်းသတ် (၂) ရက် ကျော်လွန်နေသဖြင့် အကြောင်းပြချက် အထောက်အထားများပူးတွဲ၍ ပြန်လည်တင်ပြရန် ညွှန်ကြားရေးမှူးချုပ်မှ အကြောင်းကြားခဲ့ကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူက မှန်ကန်သည့် အရှုံးအမြတ်စာရင်းနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းတို့အား ပြန်လည်ပြင်ဆင်ရေးဆွဲနေရခြင်းနှင့် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ တင်ပြရန် စီစဉ်နေသည့်အတွက် လျှောက်ထားချက်ကို တင်သွင်းရန် ကြန့်ကြာ နှောင့်နှေးနေရခြင်းဖြစ်ကြောင်းနှင့် လျှောက်လွှာတင်သွင်းရန် တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်းမှာ နေမကောင်းပါသဖြင့် ၂၃ ရက် နှင့် ၂၄ ရက် အောက်တိုဘာလ ၂၀၂၂ တွင် ခွင့်ယူထားပါသဖြင့် ၂၅-၁၁-၂၀၂၂ ရက်နေ့မှသာ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ လျှောက်ထား တင်ပြနိုင်ခဲ့ပါကြောင်း ဝန်ထမ်း၏ ခွင့်စာနှင့် Deliver Slip များ ပူးတွဲတင်ပြလျက် ကြန့်ကြာ နှောင့်နှေးမှုများအပေါ်တွင် သက်ညှာသောအားဖြင့် ပြန်လည်သုံးသပ် ဆောင်ရွက်ပေးပါရန် တင်ပြထားခြင်းတို့ကို တွေ့ရှိရသည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) တွင် အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကို ဖော်ပြလျက် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထား ရမည်ဟု ပြဋ္ဌာန်းထားသည်။ ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းသည့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ တွင် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်ရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့်ရရှိစေရန် သော်လည်းကောင်း ပြုလုပ်သော လျှောက်ထားမှုကို သို့မဟုတ် တည်ဆဲဥပဒေဖြင့်ဖြစ်စေ၊ တည်ဆဲဥပဒေအရ ဖြစ်စေ ဤပုဒ်မနှင့်သက်ဆိုင်စေနိုင်သည့် အခြားလျှောက်ထားမှုကို ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ် ကုန်ဆုံးပြီးမှ တင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ စည်းကမ်းသတ်ကာလ အတွင်းက အဘယ်ကြောင့် တင်သွင်းခြင်း မပြုခဲ့သည်ကို တရားရုံးက ကျေနပ်အောင် လုံလောက်သော အကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါ အယူခံမှုကိုသော်လည်းကောင်း၊ လျှောက်ထားမှုကိုသော် လည်းကောင်း လက်ခံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်

a Nu/2024 Gazette/gazette (24) 26

သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းသည့်နေ့မှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော ကာလစည်းကမ်းသတ်ထက် (၂) ရက် ကျော်လွန်နေကြောင်း တွေ့ရှိရသဖြင့် အကြောင်းပြချက် အထောက်အထားများ ပူးတွဲ၍ ပြန်လည်တင်ပြရန် ညွှန်ကြားရေးမှူးချုပ်မှ အကြောင်းကြားခဲ့ကြောင်း တွေ့ရှိရခြင်းကြောင့် လျှောက်ထားသူ၏ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို ညွှန်ကြားရေးမှူးချုပ်က လက်ခံခဲ့ပြီးနောက် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လုံလောက်သော အကြောင်းပြချက် ရှိ မရှိ စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သုံးသပ် တွေ့ရှိရသည်။

စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ လျှောက်ထားသူက ၃-၁-၂၀၂၂ ရက်စွဲပါစာဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရာတွင် သက်ဆိုင်ရာ အခွန်မှူးမှ အခွန်တောင်းခံလွှာထုတ်ယူရန် ဆက်သွယ်အကြောင်းကြားသည့် နေ့ရက်မှာ ၂၆ အောက်တိုဘာ ၂၀၂၁ ဖြစ်ကြောင်း၊ Royal Express ဖြင့် ပေးပို့လျှောက်ထားရာ ၂၆ ရက် နိုဝင်ဘာလ ၂၀၂၁ တွင် နေပြည်တော် အခွန်ရုံးသို့ လျှောက်ထား တင်ပြနိုင်ခဲ့ပါကြောင်း တင်ပြချက်အရလည်းကောင်း၊ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှု အမိန့်၏ စာမျက်နှာ (၇) တွင် အခွန်ထမ်းက စည်းကြပ်သည့်အမိန့်ကို လက်ခံရရှိသည့်နေ့မှာ ၂၆-၁၀-၂၀၂၁ ရက်နေ့ဖြစ်ပြီး စီမံအုပ်ချုပ်မှုနည်းလမ်းအရ လျှောက်ထားသည့်နေ့မှာ ၂၆-၁၁-၂၀၂၁ ရက်နေ့ဖြစ်၍ မိမိ မကျေနပ်သည့် အမိန့် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၂) ရက် ကြာမြင့်မှ လျှောက်ထားခြင်း တွေ့ရှိရသည်ဟု ဖော်ပြထားချက်အရလည်းကောင်း ကြာမြင့်သည့်ကာလမှာ ရက်ပေါင်း (၃၂) ရက် အမှန်ဖြစ်ကြောင်း တွေ့ရှိရသည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) တွင် တရားမကြီးမှုအတွက် သို့တည်းမဟုတ် အယူခံမှုအတွက် သို့တည်းမဟုတ် လျှောက်ထားမှုအတွက်၊ ပြဋ္ဌာန်းထားသော စည်းကမ်းသတ်ကာလအပိုင်း အခြားကို ရေတွက်ရာတွင် စ၍ ရေတွက်သည့် နေ့ရက်ကို ထုတ်ပယ်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်အရ ကြာမြင့်သည့် ကာလ (၃၂) ရက်မှ စတင်ရေတွက်သည့် ၂၆-၁၀-၂၀၂၁ ရက်နေ့ကို ထုတ်ပယ်ပါက ကြာမြင့်သည့်ကာလမှာ (၃၁) ရက်သာဖြစ်သည်။ သို့ဖြစ်ရာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော စည်းကမ်းသတ်ကာလထက် (၁) ရက်သာ ကျော်လွန်ကြောင်း စိစစ်တွေ့ရှိရသော်လည်း ယခုအမှုတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ကာလစည်းကမ်းသတ် (၂) ရက်ကျော်လွန်နေကြောင်း သုံးသပ်ချက်နှင့်စပ်လျဉ်း၍ နှစ်ဖက် အငြင်းမပွား လက်ခံထားကြသည်ကို တွေ့ရှိရသည်။

လျှောက်ထားသူက စည်းကမ်းသတ်ကာလ ကျော်လွန်ရခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြချက် (၂) ရပ်ကို အောက်ပါအတိုင်း တင်ပြခဲ့ကြောင်း တွေ့ရှိရသည်-

(၁) ကုမ္ပဏီက အမှန်တကယ်ကုန်ကျခဲ့သော အသုံးစရိတ်များအပါအဝင် မှန်ကန်သည့် အရှုံးအမြတ် စာရင်းနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့အား ပြန်လည်ပြင်ဆင်ရေးဆွဲနေရခြင်းနှင့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်နေရခြင်း၊

(၂) လျှောက်လွှာတင်သွင်းရန် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းမှာလည်း Covid - 19 ရောဂါ ကူးစက်ခြင်းကြောင့် ၂၃-၁၁-၂၀၂၁ ရက်နေ့နှင့် ၂၄-၁၁-၂၀၂၁ ရက်နေ့များတွင် ခွင့်ယူထားသည့် အတွက် ၂၅-၁၁-၂၀၂၁ ရက်နေ့မှသာ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားချက် ပေးပို့တင်ပြ နိုင်ခဲ့ခြင်း။

အဆိုပါ အကြောင်းပြချက်များသည် လုံလောက်သော အကြောင်းပြချက်ဖြစ်သည်ဟု မှတ်ယူနိုင်ခြင်း မရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က သုံးသပ်လျက် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်လွှာကို ကနဦး အကြောင်းပြချက်ဖြင့် ပလပ်ကြောင်း ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရသည်။ လျှောက်ထားသူ၏ စည်းကမ်းသတ်ကာလ ကျော်လွန်ခဲ့ခြင်းအပေါ် တင်ပြခဲ့သည့် အကြောင်းပြချက် (၂) ရပ်အနက် ဒုတိယအချက်ကို အလေးပေးသုံးသပ်လျက် လုံလောက်သော အကြောင်းပြချက်အဖြစ် မှတ်ယူခြင်းမပြုနိုင်ကြောင်း ယခုအမှုတွင် ... လျှောက်ထားခံရသော ဒေသကိုယ်စားလှယ်က တင်ပြထားသည်ကို တွေ့ရှိရသည်။

la Nu/2024 Gazette/gazette (24) 27

ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်ပြခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီဝန်ထမ်း မကျန်းမာမှုကြောင့် အချိန်မီ မတင်ပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း အကြောင်းပြချက်သည် အမြဲလုံလောက်သော အကြောင်းမဟုတ်ပေ။ ဆေးစာ တင်ရုံမျှဖြင့်လည်း သက်သေထင်ရှား မမှတ်ယူနိုင်ဘဲ ဆေးစာပေးသူက သက်သေခံမှသာ လက်ခံသင့်ကြောင်း စီရင်ထုံးဖွဲ့မှုများရှိသည်။ သို့ဖြစ်၍ လျှောက်လွှာ တင်သွင်းရန် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းသည် မကျန်းမာသောကြောင့် စည်းကမ်းသတ်ကာလ ကျော်လွန်ရခြင်းဖြစ်ကြောင်း လျှောက်ထားချက်အပေါ် လုံလောက်သော အကြောင်းပြချက်ဟု မှတ်ယူနိုင်ခြင်း မရှိကြောင်း ညွှန်ကြားရေးမှူးချုပ်၏ သုံးသပ်ချက်သည် မှားယွင်းမှု မရှိကြောင်း သုံးသပ်ရရှိသည်။

သို့ရာတွင် လျှောက်ထားသူ ကုမ္ပဏီအနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး၏ အခွန်တောင်းခံလွှာ ရရှိပြီးနောက် ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်းနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့ကို ပြန်လည် စစ်ဆေးရာတွင် ကွဲလွဲချက်၊ ကုန်ကျခဲ့သော အသုံးစရိတ်များ စာရင်းသွင်းရန်ကျန်ရှိချက်များ တွေ့ရသဖြင့် မှန်ကန်သည့် အရှုံးအမြတ်စာရင်းနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ပြန်လည်ပြင်ဆင်ရေးဆွဲနေရခြင်း၊ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ တင်ပြရန် စီစဉ်နေရခြင်းတို့ကြောင့် လျှောက်ထားချက်ကို တင်သွင်းရန် နှောင့်နှေးကြန့်ကြာ နေရပါသည်ဟူသော အကြောင်းပြချက်မှာ ကာလစည်းကမ်းသတ်ရက် အနည်းငယ်ကျော်လွန်ခြင်းကို ခွင့်ပြုသင့်သော လုံလောက်သည့် အကြောင်းပြချက်အဖြစ် မှတ်ယူသင့်ကြောင်း သုံးသပ်ရရှိပါသည်။

လျှောက်ထားသူ အခွန်ထမ်းသည် အခွန်ပေးသွင်းမှုများကို (သတ်မှတ်ရက် နောက်ကျ ပေးသွင်းခြင်း မှအပ) စဉ်ဆက်မပြတ် လိုက်နာပေးသွင်းခဲ့သည့် ကုမ္ပဏီဖြစ်ကြောင်း တင်ပြချက်အပေါ် အငြင်းမထွက်ခြင်းကြောင့် အခွန်ထမ်းကုမ္ပဏီအနေဖြင့် ၎င်းဆောင်ရွက်ခဲ့သော လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မည်သို့ဆောင်ရွက်သင့်သော အခြေအနေများ၊ စာရင်းအင်း အထောက်အထားများကို ဥပဒေ၏ ခွင့်ပြုချက် ဘောင်အတွင်းမှ မည်သို့ထားရှိ တင်ပြသင့်သည့် အခြေအနေများ၊ ပြင်ဆင်ကြေညာလွှာများ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အခွန်ထမ်း၏ တာဝန်များတို့ကို ညွှန်ပြလျက် လျှောက်ထားသူကုမ္ပဏီ၏ ပြန်လည် သုံးသပ်ပေးပါရန် လျှောက်ထားချက်အပေါ် ဆုံးဖြတ်ချက် တစ်စုံတစ်ရာချမှတ်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ အခွန်ထမ်း၏ အခွင့်အရေးနှင့် တာဝန်ကို နားလည်လိုက်နာမှုတို့ကို ပိုမိုထင်ရှားစေနိုင်မည် ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

သို့ဖြစ်၍ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၅ အရ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည် -

## အမိန့်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ၁၀-၃-၂၀၂၂ ရက်စွဲပါ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုအမှတ် ၁၀/၂၀၂၁ ၏ ပြန်လည်သုံးသပ်မှုအမိန့်ပါ ဆုံးဖြတ်ချက်ကို အတည်မပြုကြောင်းနှင့် လျှောက်ထားသူက ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းခဲ့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားချက်အား ဥပဒေနှင့်အညီသုံးသပ်လျက် ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

| | | |
|---|---|---|
| ကျော်ကျော် | မြင့်ဦး | ဝင်းတင် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| | အဖွဲ့ခေါင်းဆောင် | |
| | အခွန်အယူခံခုံအဖွဲ့ | |

a Nu/2024 Gazette/gazette (24) 28

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်အယူခံမှုအမှတ်-၁**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| Thandar Pale Company Limited | နှင့် | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ |
| ဦးအောင်မြင့်ထွန်း (အခွင့်ရကိုယ်စားလှယ်)၊ | | အခွန်ရုံး (၄)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ |
| အမှတ် (၃၆)၊ (၅ လွှာ/ ဘီ)၊ | | အမှတ် (၄၉)၊ မြေတိုင်း (၈၅/ကံဘဲ့)၊ |
| ဇေယျဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ | | စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ |
| ရန်ကုန်တိုင်းဒေသကြီး။ | | ရန်ကင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဒေါ်ခင်လေးမွန်၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးတင်ထွေး(ဌာနဆိုင်ရာကိုယ်စားလှယ်) ပြည်တွင်းအခွန်များဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် |

**စီရင်ချက်**

အမှုမှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄)တွင် အခွန်ထမ်းဆောင်နေသော Thandar Pale Company Limited သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၂၀၂၀-၂၀၂၁ စည်းကြပ်နှစ်)အတွက် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) က ၁၄-၁၀-၂၀၂၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အခွန်စည်းကြပ် တောင်းခံလွှာ [ပတခ (ကသခ) - ၁၇] အပေါ် ကျေနပ်မှုမရှိပါသဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားခဲ့ရာ ပြန်လည်သုံးသပ်မှု လျှောက်ထားရမည့် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထားခြင်းမရှိကြောင်း တွေ့ရှိရသည့်အတွက် ကနဦးအကြောင်းပြချက်ဖြင့် "ပလပ်" လိုက်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ခဲ့သည့်အပေါ် ကျေနပ်မှုမရှိပါသဖြင့် အခွန်အယူခံခုံအဖွဲ့ထံသို့ အယူခံတင်သွင်းလာသည့် ကုန်သွယ်လုပ်ငန်းခွန် အယူခံမှုဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူပေးပို့လာသည့် အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များနှင့် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များကို အသေးစိတ်ကြည့်ရှုလေ့လာခဲ့ရာ လျှောက်ထားသူ၏ လျှောက်ထားချက်မှာ အပိုင်း (၂) ပိုင်း ပါဝင်ကြောင်းတွေ့ရှိရသည်။ ပထမအပိုင်းမှာ ကာလစည်းကမ်းသတ် (၂) ရက် ကျော်လွန်ခြင်းကြောင့် ကနဦး အကြောင်းပြချက်ဖြင့် ပလပ်လိုက်သော ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်အမိန့်သည် အခွန်စည်းကြပ်မှုအား ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားတောင်းဆိုချက်အပေါ် ရည်ညွှန်းအဖြေပေးသည့် ဆုံးဖြတ်အမိန့်ဖြစ်ကြောင်း မှတ်ယူနိုင်ခြင်း မရှိသည့်အတွက် အဆိုပါ ဆုံးဖြတ်ချက်အမိန့်အား ကျေနပ်မှုမရှိကြောင်း တင်ပြချက်ဖြစ်သည်။ ဒုတိယအပိုင်းမှာ လျှောက်ထားသူကုမ္ပဏီ၏ ပေးဆောင်ထားသော အခွန်ပမာဏသည် စည်းကြပ်ထိုက်သည့် ပမာဏ သို့မဟုတ် ပေးဆောင်ရန် တာဝန်ရှိသည့် အခွန်ပမာဏထက် ကျော်လွန်ပါကြောင်း စစ်ဆေးတွေ့ရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၆ တို့နှင့်အညီ ပြန်အမ်းငွေ ထုတ်ပေးရန် သို့မဟုတ် လာမည့် ၁၂ လ အတွင်း

la Nu/2024 Gazette/gazette (24) 29

လျှောက်ထားသူကုမ္ပဏီက ပေးဆောင်ရမည့် အခွန်တာဝန်အတွက် ကြိုတင်ခွန်ပမာဏအဖြစ် ခုနှိမ်ခွင့်ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးစေလိုကြောင်းဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) တွင် ခုံအဖွဲ့ရှေ့မှောက်၌ အမှုများကို ကြားနာသည့်အခါ တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်ကြောင်းပြဋ္ဌာန်းထားရာ အခွန်အယူခံခုံအဖွဲ့အနေဖြင့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ ပါ ပြဋ္ဌာန်းချက်များအရ စည်းကမ်းသတ်ကာလကျော်လွန်မှ အယူခံလွှာတင်သွင်းရာတွင် လုံလောက်သောအကြောင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်း ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။

အငြင်းပွားမှုသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ ကာလစည်းကမ်းသတ် (၂) ရက် ကျော်လွန်နေခြင်းကြောင့် ကနဦး အကြောင်းပြချက်ဖြင့် ပလပ်လိုက်ကြောင်း ဆုံးဖြတ်ထားခြင်းအပေါ် အယူခံဝင်ရောက်ခြင်းဖြစ်သဖြင့် လုံလောက်သောအကြောင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်း ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။

လျှောက်ထားသူက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းသည့်နေ့မှာ ကာလစည်းကမ်းသတ် (၂) ရက် ကျော်လွန်နေသဖြင့် အကြောင်းပြချက်အထောက်အထားများ ပူးတွဲ၍ ပြန်လည်တင်ပြရန် ညွှန်ကြားရေးမှူးချုပ်မှ အကြောင်းကြားခဲ့ကြောင်းတွေ့ရှိရသည်။ လျှောက်ထားသူက မှန်ကန်သည့် အရှုံးအမြတ်စာရင်းနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့အား ပြန်လည်ပြင်ဆင်ရေးဆွဲနေရခြင်းနှင့် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများတင်ပြရန် စီစဉ်နေသည့်အတွက် လျှောက်ထားချက်ကို တင်သွင်းရန် ကြန့်ကြာနှောင့်နှေးနေရခြင်းဖြစ်ကြောင်းနှင့် လျှောက်လွှာတင်သွင်းရန် တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်းမှာ နေမကောင်းပါသဖြင့် ၂၃ ရက် နှင့် ၂၄ ရက် နိုဝင်ဘာလ ၂၀၂၂ တွင် ခွင့်ယူထားပါသဖြင့် ၂၅-၁၁-၂၀၂၂ ရက်နေ့မှသာ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့လျှောက်ထား တင်ပြနိုင်ခဲ့ပါကြောင်း ဝန်ထမ်း၏ ခွင့်စာနှင့် Deliver Slip များ ပူးတွဲတင်ပြလျက် ကြန့်ကြာနှောင့်နှေးမှုများအပေါ်တွင် သက်ညှာသောအားဖြင့် ပြန်လည်သုံးသပ် ဆောင်ရွက်ပေးပါရန် တင်ပြထားခြင်းတို့ကိုတွေ့ရှိရသည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) တွင် အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကိုဖော်ပြလျက် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားသည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ တွင် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်ရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့်ရရှိစေရန်သော်လည်းကောင်း ပြုလုပ်သောလျှောက်ထားမှုကို သို့မဟုတ် တည်ဆဲဥပဒေဖြင့်ဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ ဤပုဒ်မနှင့်သက်ဆိုင်စေနိုင်သည့် အခြားလျှောက်ထားမှုကို ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ်ကုန်ဆုံးပြီးမှ တင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ စည်းကမ်းသတ်ကာလအတွင်းက အဘယ်ကြောင့်တင်သွင်းခြင်း မပြုခဲ့သည်ကို တရားရုံးက ကျေနပ်အောင် လုံလောက်သော အကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါ အယူခံမှုကိုသော်လည်းကောင်း၊ လျှောက်ထားမှုကိုသော်လည်းကောင်း လက်ခံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းသည့်နေ့မှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော ကာလစည်းကမ်းသတ်ထက် (၂) ရက် ကျော်လွန်နေကြောင်းတွေ့ရှိရသဖြင့် အကြောင်းပြချက် အထောက်အထားများ ပူးတွဲ၍ ပြန်လည်တင်ပြရန် ညွှန်ကြားရေးမှူးချုပ်မှ အကြောင်းကြားခဲ့ကြောင်း တွေ့ရှိရခြင်းကြောင့် လျှောက်ထားသူ၏ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို ညွှန်ကြားရေးမှူးချုပ်က လက်ခံခဲ့ပြီးနောက် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပါ

a Nu/2024 Gazette/gazette (24) 30

ပြဋ္ဌာန်းချက်နှင့်အညီ လုံလောက်သောအကြောင်းပြချက် ရှိ မရှိ စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ လျှောက်ထားသူက ၃-၁-၂၀၂၂ ရက်စွဲပါစာဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြသည့်စာတွင် သက်ဆိုင်ရာအခွန်မှူးမှ အခွန်တောင်းခံလွှာထုတ်ယူရန် ဆက်သွယ်အကြောင်းကြားသည့် နေ့ရက်မှာ ၂၆ အောက်တိုဘာ ၂၀၂၁ ဖြစ်ကြောင်း၊ Royal Express ဖြင့် ပေးပို့လျှောက်ထားရာ ၂၆ ရက် နိုဝင်ဘာလ ၂၀၂၁ တွင် နေပြည်တော်အခွန်ရုံးသို့ လျှောက်ထားတင်ပြနိုင်ခဲ့ပါကြောင်း တင်ပြချက်အရလည်းကောင်း၊ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုအမိန့်၏ စာမျက်နှာ (၇) တွင် အခွန်ထမ်းက စည်းကြပ်သည့်အမိန့်ကို လက်ခံရရှိသည့်နေ့မှာ ၂၆-၁၀-၂၀၂၁ ရက်နေ့ဖြစ်ပြီး စီမံအုပ်ချုပ်မှုနည်းလမ်းအရ လျှောက်ထားသည့်နေ့မှာ ၂၆-၁၁-၂၀၂၁ ရက်နေ့ဖြစ်၍ မိမိမကျေနပ်သည့်အမိန့် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၂) ရက် ကြာမြင့်မှ လျှောက်ထားခြင်း တွေ့ရှိရသည်ဟု ဖော်ပြထားချက်အရလည်းကောင်း ကြာမြင့်သည့်ကာလမှာ ရက်ပေါင်း (၃၂) ရက် အမှန်ဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၂ (၁) တွင် တရားမကြီးမှုအတွက် သို့တည်းမဟုတ် အယူခံမှုအတွက် သို့တည်းမဟုတ် လျှောက်ထားမှုအတွက် ပြဋ္ဌာန်းထားသော စည်းကမ်းသတ်ကာလအပိုင်းအခြားကို ရေတွက်ရာတွင် စ၍ရေတွက်သည့် နေ့ရက်ကို ထုတ်ပယ်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ကြာမြင့်သည့်ကာလ (၃၂) ရက်မှ စတင်ရေတွက်သည့် ၂၆-၁၀-၂၀၂၁ ရက်နေ့ကို ထုတ်ပယ်ပါက (၃၁) ရက်သာဖြစ်သည်။ သို့ဖြစ်ရာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော စည်းကမ်းသတ်ကာလထက် (၁) ရက်သာ ကျော်လွန်ကြောင်း စိစစ်တွေ့ရှိရသည်။

လျှောက်ထားသူအနေဖြင့် ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်ပြခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီဝန်ထမ်း မကျန်းမာမှုကြောင့် အချိန်မီ မတင်ပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း အကြောင်းပြထားရာ ယင်းအချက်သည် အမြဲလုံလောက်သောအကြောင်းမဟုတ်ပေ။ ဆေးစာတင်ရုံမျှဖြင့်လည်း သက်သေထင်ရှား မမှတ်ယူနိုင်ဘဲ ဆေးစာပေးသူက သက်သေခံမှသာ လက်ခံသင့်ကြောင်း စီရင်ထုံးဖွဲ့မှုများရှိသည်။ သို့ဖြစ်၍ လျှောက်လွှာတင်သွင်းရန် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းသည် မကျန်းမာသောကြောင့် စည်းကမ်းသတ်ကာလကျော်လွန်ရခြင်းဖြစ်ကြောင်း လျှောက်ထားချက်အပေါ် လုံလောက်သောအကြောင်းပြချက်ဟု မှတ်ယူနိုင်ခြင်းမရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ သုံးသပ်ချက်သည် မှားယွင်းမှုမရှိဟု သုံးသပ်ရရှိသည်။

သို့ရာတွင် “ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်တွင် ထည့်သွင်းသုံးသပ်ထားခြင်းမရှိသည့် လျှောက်ထားသူကုမ္ပဏီအနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) ၏ အခွန်တောင်းခံလွှာ ရရှိပြီးနောက် ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်းနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့ကို ပြန်လည်စစ်ဆေးရာတွင် ကွဲလွဲချက်၊ ကုန်ကျခဲ့သောအသုံးစရိတ်များ စာရင်းသွင်းရန်ကျန်ရှိချက်များတွေ့ရသဖြင့် မှန်ကန်သည့် အရှုံးအမြတ်စာရင်းနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ပြန်လည်ပြင်ဆင်ရေးဆွဲနေရခြင်း၊ လိုအပ်သောစာရွက်စာတမ်းအထောက်အထားများတင်ပြရန် စီစဉ်နေရခြင်းတို့ကြောင့် လျှောက်ထားချက်ကို တင်သွင်းရန် နှောင့်နှေးကြန့်ကြာနေရပါသည်ဟူသော” အကြောင်းပြချက်မှာ ကာလစည်းကမ်းသတ်ရက် အနည်းငယ်ကျော်လွန်ခြင်းကို ခွင့်ပြုသင့်သော လုံလောက်သည့် အကြောင်းပြချက်အဖြစ် မှတ်ယူသင့်ကြောင်း သုံးသပ်ရရှိသည်။

ယခုအမှုတွင် လျှောက်ထားသူက ဒုတိယအချက်အဖြစ်တင်ပြသော လျှောက်ထားသူကုမ္ပဏီ၏ ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်ထိုက်သော ပမာဏ သို့မဟုတ် ပေးဆောင်ရန် တာဝန်ရှိသည့် အခွန်ပမာဏထက် ကျော်လွန်ပါကြောင်း စစ်ဆေးတွေ့ရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ နှင့် ကုန်သွယ်

လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၆ တို့နှင့်အညီ ပြန်အမ်းငွေထုတ်ပေးရန် သို့မဟုတ် လာမည့် ၁၂ လ အတွင်း လျှောက်ထားသူကုမ္ပဏီမှ ပေးဆောင်ရမည့် အခွန်တာဝန်အတွက် ကြိုတင်ခွန်ပမာဏအဖြစ် ခုနှိမ်ခွင့်ရရှိနိုင်ရန် အတွက် ဆောင်ရွက်ပေးနိုင်ပါရန်ဆိုသည့် လျှောက်ထားချက်မှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်က စီမံအုပ်ချုပ်မှုနည်းလမ်းအရ သုံးသပ်ဆုံးဖြတ်ခြင်း မပြုသေးသဖြင့် ဤအခွန်အယူခံခုံအဖွဲ့က ယင်းအချက် အပေါ် ဆုံးဖြတ်ပေးနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူ အခွန်ထမ်းသည် အခွန်ပေးသွင်းမှုများကို (သတ်မှတ်ရက် နောက်ကျပေးသွင်းခြင်းမှအပ) စဉ်ဆက်မပြတ်လိုက်နာပေးသွင်းခဲ့သည့် ကုမ္ပဏီဖြစ်ကြောင်း တင်ပြချက်အပေါ် အငြင်းမထွက်ခြင်းကြောင့် အခွန်ထမ်း ကုမ္ပဏီအနေဖြင့် ၎င်းဆောင်ရွက်ခဲ့သော လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ နှင့်အညီ မည်သို့ဆောင်ရွက်သင့်သောအခြေအနေများ၊ စာရင်းအင်းအထောက်အထားများကို ဥပဒေ၏ ခွင့်ပြုချက် ဘောင်အတွင်းမှ မည်သို့ထားရှိ တင်ပြသင့်သည့် အခြေအနေများ၊ ပြင်ဆင်ကြေညာလွှာများ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အခွန်ထမ်း၏ တာဝန်များတို့ကိုညွှန်ပြလျက် လျှောက်ထားသူကုမ္ပဏီ၏ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်အပေါ် ဆုံးဖြတ်ချက် တစ်စုံတစ်ရာချမှတ်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ အခွန်ထမ်း ၏ အခွင့်အရေးနှင့် တာဝန်ကို နားလည်လိုက်နာမှုတို့ကို ပိုမိုထင်ရှားစေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

သို့ဖြစ်၍ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၅ အရ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည် -

**အမိန့်**

ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ၁၀-၃-၂၀၂၂ ရက်စွဲပါ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုအမှတ် ၁၁/၂၀၂၁ ၏ပြန်လည်သုံးသပ်မှုအမိန့်ပါဆုံးဖြတ်ချက်ကိုပယ်ဖျက်၍ လျှောက်ထားသူက ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းခဲ့သော လျှောက်ထားချက်ကို ဥပဒေနှင့်အညီသုံးသပ်ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်ရန်ဖြစ်ကြောင်း ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

| | | |
|---|---|---|
| ဇေယျကြည်ညွှန့် | မြင့်ဦး | ဦးကြည် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| | အဖွဲ့ခေါင်းဆောင် | |
| | အခွန်အယူခံခုံအဖွဲ့ | |

a Nu/2024 Gazette/gazette (24) 32

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၀/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး(၁၃-ထ/၂) ၂၀၂၄ ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော ကြည်း ၄၁၁၅၁ ဗိုလ်မှူး ကျော်ဇောဝေ အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် လစ်လပ်လျက်ရှိသည့် ဌာနခွဲမှူး (စီမံ)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၃၅၆/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၇၇/၂၀၂၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မြေအဖြစ် အမိန့်ပြင်ဆင်ထုတ်ပြန်ပေးခဲ့သော တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၄/တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁-က) ရှိ **မြေဧရိယာ ၈၆.၉၀၇ ဧက** အနက်မှ **၁.၀၀၇ ဧက** ကို (၆၆/၁၁) ကေဗွီ ထားဝယ်ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် ပြည်ထဲရေးဝန်ကြီးဌာနက တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၁)/ ၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၀၀၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

(ဍဍ) ဝန်ကြီးဌာနတင်ဒါစိစစ်ရေးကော်မတီက စိစစ်အတည်ပြုပြီးပါက စာချုပ် ချုပ်ဆိုနိုင်ရန် သက်ဆိုင်ရာဌာနများသို့ အမှုတွဲလွှဲပြောင်းပေးခြင်း၊

(ဎဎ) ဝယ်ယူမည့်ဌာနက တင်ဒါအောင်မြင်သည့်ပစ္စည်းများကို Approval Drawing ပြုလုပ်ပေးခြင်း၊ စာချုပ် ချုပ်ဆိုခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အင်ဂျင်နီယာချုပ်<br>(ပြည့်ဖြိုးမြစွမ်းအင်/အပူစွမ်းအင်) | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယအင်ဂျင်နီယာချုပ်<br>(ပြည့်ဖြိုးမြစွမ်းအင်/အပူစွမ်းအင်) | အဖွဲ့ဝင် |
| (ဂဂ) | အင်ဂျင်နီယာမှူးကြီး<br>(ပြည့်ဖြိုးမြစွမ်းအင်/အပူစွမ်းအင်) | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူး (ပစ္စည်း)<br>(ရန်ကုန်/နေပြည်တော်) | အဖွဲ့ဝင် |
| (ငင) | အင်ဂျင်နီယာမှူး<br>(ပြည့်ဖြိုးမြစွမ်းအင်/အပူစွမ်းအင်) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |
| (ဆဆ) | ညွှန်ကြားရေးမှူး (ပစ္စည်း) | တွဲဖက်အတွင်းရေးမှူး |

a Nu/2024 Gazette/gazette (24) 58

(၈) **တာဝန်သတ်မှတ်ချက်**

(ကက) သတ်မှတ်ရက်အတွင်း ပေးသွင်းလာသည့်ပစ္စည်းများအား ပစ္စည်းဖြည့်တင်းရေးဌာနမှ ယာယီကြိုတင်လက်ခံထားရှိခြင်း၊

(ခခ) စာချုပ်ချုပ်ဆိုအောင်မြင်သည့် ကုမ္ပဏီမှပေးသွင်းလာသော ပစ္စည်းများအား ပစ္စည်းဝယ်ယူအသုံးပြုသည့်ဌာနမှ အင်ဂျင်နီယာချုပ်ဦးဆောင်သောအဖွဲ့သည် ပစ္စည်းယာယီလက်ခံရရှိသောနေ့မှ ရက်သတ္တ (၁) ပတ်အတွင်း စစ်ဆေးအတည်ပြုရန်နှင့် ဝန်ကြီးဌာန၊ ပစ္စည်းအရည်အသွေးနှင့် ကုန်ပို့စနစ် စစ်ဆေးရေးကော်မတီသို့ ဆက်လက်တင်ပြရန်၊

(ဂဂ) ပေးသွင်းလာသည့်ပစ္စည်းသည် အရည်အသွေးကိုက်ညီမှုမရှိပါက စာချုပ်ပါအတိုင်း ပြန်လည်ပေးသွင်းစေခြင်း၊

(ဃဃ) သတ်မှတ်ချက်စာချုပ်ပါအတိုင်းပေးသွင်းပါက ငွေပေးချေရန် သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးခြင်း။

( င ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | သက်ဆိုင်ရာဌာနကြီးမှူး<br>(ပစ္စည်း၊ ဓာတ်ဖြန့်၊ ထောက်ကူ) | ဥက္ကဋ္ဌ |
| (ခခ) | အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| (ဂဂ) | အင်ဂျင်နီယာချုပ် (ထောက်ကူ) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (စီမံ) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

မှတ်ချက်။ အထွေထွေမန်နေဂျာ (ပစ္စည်း) မှ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရပါက အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၂) **တာဝန်သတ်မှတ်ချက်**

(ကက) တင်ဒါခေါ်ယူ၍ ဝယ်ယူ သို့မဟုတ် တည်ဆောက်လိုသောပစ္စည်း သို့မဟုတ် လုပ်ငန်း တစ်ခုချင်းအလိုက် ကြမ်းခင်းဈေးနှုန်းကို ယခင်ဝယ်ယူခဲ့ဖူးသည့် ဈေးနှုန်းများ၊ စံနှုန်းများ၊ ဒေသပေါက်ဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ၊ Inflation Rate နှင့် သယ်ယူပို့ဆောင်ရေးစရိတ်များအပေါ်မူတည်၍ ထည့်သွင်းတွက်ချက် သတ်မှတ်ထားရှိရမည်။

(ခခ) အထက်အပိုဒ် (က) ပါ ကြမ်းခင်းဈေးသည် ဝယ်ယူသည့်ဌာန၊ လုပ်ငန်းအပ်နှံသည့် ဌာနအတွက်နှင့် ရောင်းချသည့်ကုမ္ပဏီ၊ တည်ဆောက်သည့် ကုမ္ပဏီအဖွဲ့အစည်းများအတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးကိုက်ညီသည့် ဈေးနှုန်းဖြစ်ရမည်။ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ပြီးပါက ကော်မတီ၏ အတည်ပြုသဘောတူညီချက်ရယူသော အစည်းအဝေးပြုလုပ်ရမည်ဖြစ်ပြီး **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ဥက္ကဋ္ဌသို့ ဖိတ်ကြားရမည်။

(ဂဂ) အထက်အပိုဒ် (က) ပါ တွက်ချက်ထားသော ကြမ်းခင်းဈေးနှုန်းအပေါ်မူတည်၍ ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လေလံတင်

la Nu/2024 Gazette/gazette (24) 59

ရောင်းချခြင်းလုပ်ငန်းတို့အတွက် သင့်လျော်သည့်အမြင့်ဆုံးကြမ်းခင်းဈေးနှုန်းနှင့် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းကို **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ထံ တင်ပြရမည်။

မှတ်ချက်။ ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို လိုအပ်ပါက ပြန်လည်ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်။

(၃) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | သက်ဆိုင်ရာဌာနကြီးမှူး<br>(ပစ္စည်း၊ ခ၁တ်ဖြန့်၊ ထောက်ကူ) | ဥက္ကဋ္ဌ |
| ( ခခ ) | အင်ဂျင်နီယာချုပ် (ခ၁တ်ဖြန့်) | အဖွဲ့ဝင် |
| ( ဂဂ ) | အင်ဂျင်နီယာချုပ် (ထောက်ကူ) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| ( ငင ) | သက်ဆိုင်ရာဌာန၏ ဒုတိယအင်ဂျင်နီယာချုပ်<br>[ခ၁တ်ဖြန့် (Spec:) သို့မဟုတ် ထောက်ကူ] | အဖွဲ့ဝင် |
| ( စစ ) | ညွှန်ကြားရေးမှူး (ပစ္စည်း) | အဖွဲ့ဝင် |
| (ဆဆ) | သက်ဆိုင်ရာဌာန၏ အင်ဂျင်နီယာမှူးကြီး<br>[ခ၁တ်ဖြန့် (Spec:) သို့မဟုတ် ထောက်ကူ] | အဖွဲ့ဝင် |
| ( ဇဇ ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

မှတ်ချက်။ အထွေထွေမန်နေဂျာ (ပစ္စည်း) မှ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရပါက အင်ဂျင်နီယာချုပ် (ခ၁တ်/ဖြန့်) မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သွားရန်နှင့် ဒုတိယအင်ဂျင်နီယာချုပ် [ခ၁တ်ဖြန့် (Spec:)] နှင့် အင်ဂျင်နီယာမှူးကြီး [ခ၁တ်ဖြန့် (Spec:)] မှ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၄) **တာဝန်သတ်မှတ်ချက်**

(ကက) မိမိဌာနအလိုက် ဝယ်ယူ သို့မဟုတ် တည်ဆောက်လိုသည့် ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သည့် Detailed Technical Specification များကို ကြိုတင်ပြုစု၍ အတည်ပြုချက်ရယူထားရမည်။

( ခခ ) အတည်ပြုပြီးသော Technical Specification များကို **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ** အတွင်းရေးမှူးထံသို့ တင်ဒါများခေါ်ယူနိုင်ရန် ကြိုတင်ပေးပို့ထားရှိရမည်။

( ဂဂ ) တင်ဒါတင်သွင်းသူများထံမှ ပေးပို့လာသည့် တင်သွင်းလွှာများအနက်မှ Detailed Technical Specification များ၊ Company Profile Data များ၊ Commercial Data စာရွက်စာတမ်းများ၊ ကုမ္ပဏီ၏ Legal Financial Position စာရွက်စာတမ်းများကို **ပစ္စည်းစီမံရေးဌာန** မှ လွှဲပြောင်းပေးပို့လာပါက ဌာနအလိုက် တင်ဒါခေါ်ယူစဉ် သတ်မှတ်ပေးခဲ့သည့် Specification များ၊ အကဲဖြတ်ဇယားပုံစံများနှင့် ကိုက်ညီမှု ရှိ မရှိ လက်ခံနိုင်မှု ရှိ မရှိ တို့အား တိုက်ဆိုင်စစ်ဆေး၍ အမှတ်ပေးရမည်။ Pass (or) Fail စနစ်ကျင့်သုံးပြီး စိစစ်အကဲဖြတ်တင်ပြပေးရမည်။

(ဃဃ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ဥက္ကဋ္ဌထံသို့ အတည်ပြုချက်ရယူရမည်။ **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** က အစည်းအဝေးကျင်းပသည့်အခါ ဌာနအလိုက် တာဝန်ခံရှင်းလင်းနိုင်သည့် အဖွဲ့ဝင်တစ်ဦး လိုက်ပါတက်ရောက်ရမည်။

a Nu/2024 Gazette/gazette (24) 60

(ငင) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊ (ဥပမာ Test in Lab; & Bench–mark Test)

(စစ) ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုအားစာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စမ်းသပ်ခြင်း၊ မှတ်ချက်ပေးခြင်း၊

(ဆဆ) ဝယ်ယူမည့်ဌာနအဖွဲ့အစည်းကိုယ်စား ပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇဇ) တင်သွင်းလာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား လက်ခံပါ လက်ခံ စာရွက်စာတမ်းများထုတ်ပေးခြင်း။

မှတ်ချက်။ ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကိုလိုအပ်ပါက ပြန်လည်ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဦးဆောင်ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခခ) | အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| (ဂဂ) | အင်ဂျင်နီယာချုပ် (ထောက်ကူ) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (စီမံ) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |
| (ဆဆ) | ညွှန်ကြားရေးမှူး (ပစ္စည်း) | တွဲဖက်အတွင်းရေးမှူး |

(၆) **တာဝန်သတ်မှတ်ချက်**

(ကက) သက်ဆိုင်ရာအင်ဂျင်နီယာချုပ်များနှင့် အထွေထွေမန်နေဂျာရုံးများမှ တင်ပြလာသော တင်ဒါခေါ်ဆိုလိုသူများအား အတည်ပြုချက်ပေးရမည်။

(ခခ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** မှ စိစစ်တွက်ချက်ပေးထားသော ကြမ်းခင်းဈေးနှုန်း၊ အမြင့်ဆုံးကြမ်းခင်းဈေးနှုန်းနှင့် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းများကို အတည်ပြုသတ်မှတ်ပေးရမည်။

(ဂဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** မှ ပြုစုတင်ပြလာသော ဝယ်ယူမည့်ပစ္စည်းများ၏ Detailed Technical Specification များကို အတည်ပြုသတ်မှတ်ပေးရမည်။

(ဃဃ) **ပစ္စည်းစီမံရေးဌာန** မှ ဖိတ်ကြားလာသည့် တင်ဒါပိတ်မည့်အချိန်တွင် မပျက်မကွက် စုံညီစွာတက်ရောက်ပေးရမည်။ အရေးကြီးကိစ္စတစ်စုံတစ်ရာရှိပါက မိမိဌာနမှ ဒုတိယတာဝန်ရှိသူအား ကိုယ်စားစေလွှတ်၍ တက်ရောက်စေရမည်။

(ငင) ဝန်ကြီးဌာန **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** မှ အမှတ်ပေးဇယားများအား စိစစ်အတည်ပြုနိုင်ရေးအတွက် လိုအပ်သည့်စာရွက်စာတမ်း၊ ဇယားနှင့် အချက်အလက်များကို **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** အတွင်းရေးမှူးမှတစ်ဆင့် စိစစ်တင်ပြရမည်။

(စစ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် ဈေးနှုန်းလွှာဖွင့်ဖောက်မှု၊ အထောက်အထား အချက်အလက်များ ပါဝင်မှုစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အသိပေး ကြေညာခြင်းတို့ကို ကြီးကြပ်ပေးရမည်။

(ဆဆ) Technical အမှတ်ပေးခြင်း၊ Company Profile အမှတ်ပေးခြင်း၊ ငွေကြေး အမှတ်ပေးခြင်းနှင့် စုစုပေါင်းအမှတ်ပေးခြင်း၊ တင်ဒါအောင်သူအဖြစ် အကြမ်းဖျင်း သတ်မှတ်ခြင်းတို့အား အတည်ပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ရမည်။

(ဇဇ) **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် စာရွက်စာတမ်း၊ အထောက်အထားများကို ပြုစုတည်ဆောက်ရမည်။

(ဈဈ) **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** မှ အတည်ပြုသတ်မှတ်ပြီးပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေးဆောင်ရွက်ရမည်။

မှတ်ချက်။ ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို လိုအပ်ပါက ပြန်လည်ပြင်ဆင်သတ်မှတ် သွားမည်ဖြစ်ပါသည်။

(စ) **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခခ) | ဒါရိုက်တာအဖွဲ့ဝင် (၂) | အဖွဲ့ဝင် |
| (ဂဂ) | ဒါရိုက်တာအဖွဲ့ဝင် (၃) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (ဇဇ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ဓာတ်/ဖြန့်) | အဖွဲ့ဝင် |
| (ဈဈ) | အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

(၂) **တာဝန်သတ်မှတ်ချက်**

(ကက) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် ပစ္စည်း ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခခ) ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ တင်ဒါအောင်မြင်ပါက စာချုပ် ပုံစံများ သတ်မှတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဃဃ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

a Nu/2024 Gazette/gazette (24) 62

(ငင) တင်ဒါခေါ်ယူသည့်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း၊

(စစ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုချက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များသတ်မှတ်ခြင်း၊

(ဆဆ) တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်နေ့ရက်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ဇဇ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈဈ) တင်ဒါတင်သွင်းသူများ၏ တင်သွင်းဈေးနှုန်းများကို နှိုင်းယှဉ်ချက်ဇယားဖြင့် ဝန်ကြီးဌာနတင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ညည) တင်ဒါအောင်မြင်မှုမရှိသူများအား တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်း၊ တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး (Performance Guarantee) တောင်းခံခြင်း၊

(ဋဋ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဌဌ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(ဍဍ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စာချုပ်ပါသတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းဖြစ်ပေါ်ပါက စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဎဎ) တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ခုလုံး သတ်မှတ်ကာလအတွင်း ပြီးမြောက်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒါရိုက်တာအဖွဲ့ဝင် (၃) | ဥက္ကဋ္ဌ |
| (ခခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (ဂဂ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (အင်/ယာ) (ခတ်/ဖြန့်) | အဖွဲ့ဝင် |
| (စစ) | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (ဇဇ) | အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

(၄) **တာဝန်သတ်မှတ်ချက်။** **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကိုတွက်ချက်ပြီး **တင်ဒါကော်မတီ** သို့ တင်ပြရမည်။

la Nu/2024 Gazette/gazette (24) 63

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခခ) | ဒါရိုက်တာအဖွဲ့ဝင် (၂) | အဖွဲ့ဝင် |
| (ဂဂ) | ဒါရိုက်တာအဖွဲ့ဝင် (၃) | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (ဇဇ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ဓာတ်/ဖြန့်) | အဖွဲ့ဝင် |
| (ဈဈ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အတွင်းရေးမှူး |

(၆) **တာဝန်သတ်မှတ်ချက်**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒါရိုက်တာအဖွဲ့ဝင် (၂) | ဥက္ကဋ္ဌ |
| (ခခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (ဂဂ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ဓာတ်/ဖြန့်) | အဖွဲ့ဝင် |
| (ဆဆ) | အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

(၈) **တာဝန်သတ်မှတ်ချက်**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

a Nu/2024 Gazette/gazette (24) 64

(ဆ) **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခခ) | ဒါရိုက်တာအဖွဲ့ဝင် (၁) | အဖွဲ့ဝင် |
| (ဂဂ) | ဒါရိုက်တာအဖွဲ့ဝင် (၂) | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) | အဖွဲ့ဝင် |
| (ဇဇ) | အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| (ဈဈ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

(၂) **တာဝန်သတ်မှတ်ချက်**

(ကက) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဃဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန် စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက် များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ငင) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စစ) တင်ဒါတင်သွင်းရမည့်အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ဆဆ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို တာဝန်ပေးအပ်ခြင်း၊

(ဇဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ညည) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အမှုဆောင်အရာရှိချုပ် | ဥက္ကဋ္ဌ |
| ( ခ ခ ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| ( ဂ ဂ ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) | အဖွဲ့ဝင် |
| ( င င ) | အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| ( စ စ ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

(၄) **တာဝန်သတ်မှတ်ချက်**

(ကက) **တင်ဒါကော်မတီ** သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ ဈေးကွက်အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးပါဝင်သည့် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** အား ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

( ခ ခ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကိုတွက်ချက်ပြီး **တင်ဒါကော်မတီ** သို့ တင်ပြရမည်။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အမှုဆောင်အရာရှိချုပ် | ဥက္ကဋ္ဌ |
| ( ခ ခ ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| ( ဂ ဂ ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) | အဖွဲ့ဝင် |
| ( င င ) | အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| ( စ စ ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

(၆) **တာဝန်သတ်မှတ်ချက်**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ခ ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

( ဂ ဂ ) **တင်ဒါကော်မတီ** သို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အမှုဆောင်အရာရှိချုပ် | ဥက္ကဋ္ဌ |
| ( ခ ခ ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အဖွဲ့ဝင် |
| ( ဂ ဂ ) | အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) | အဖွဲ့ဝင် |

a Nu/2024 Gazette/gazette (24) 66

(ဃဃ) ဒု-အထွေထွေမန်နေဂျာ (ပစ္စည်း) အဖွဲ့ဝင်

( င င ) ဒု-အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) အဖွဲ့ဝင်

( စ စ ) ဒု-အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) အဖွဲ့ဝင်

(ဆဆ) အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) အတွင်းရေးမှူး

(၈) **တာဝန်သတ်မှတ်ချက်**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

( ခ ခ ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

( ဂ ဂ ) ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူမည့် ဌာနအဖွဲ့အစည်း ကိုယ်စား လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

ဉာဏ်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်)

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ခုံသမာဓိအဖွဲ့၊ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် အစားထိုးခန့်အပ်ခြင်း

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ နှင့် အညီ အမိန့်ကြော်ငြာစာအမှတ် ၁၃၀/ ၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ အစိုးရဌာနဆိုင်ရာကိုယ်စားလှယ် ဦးဟိန်းဇော်၊ ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနေရာတွင် ဦးကိုကိုလင်း၊ ညွှန်ကြားရေးမှူး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအား အစားထိုးခန့်အပ် တာဝန်ပေးအပ်လိုက်သည်။

မြင့်နောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

la Nu/2024 Gazette/gazette (24) 67

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး(၁၃-ထ/၂) ၂၀၂၄ ၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် အောက်ပါအရာရှိ (၂) ဦးတို့အား ရောက်ရှိတာဝန်ထမ်းဆောင်ကြောင်း သတင်းပေးပို့သည့်နေ့မှစ၍ ၎င်းတို့နှင့် ယှဉ်တွဲပါဌာနများတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည်-

(က) ကြည်း ၇၁၇၅၃ ဗိုလ်ကြီး ကျော်ခိုင်စိုး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

( ခ ) ကြည်း ၇၄၀၅၂ ဗိုလ်ကြီး ကောင်းမြတ်ဟိန်း ကုန်သွယ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်)

**မှတ်ပုံတင်အရာရှိခန့်အပ်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀ အရ ဒေါက်တာ မိုးမိုးသွယ်၊ ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာနအား မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

၂။ မှတ်ပုံတင်အရာရှိသည် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၁၁ ပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၂၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးထွန်းနိုင် [၈/ပခက (နိုင်) ၀၃၈၆၃၆]၊ ဒုတိယညွှန်ကြားရေးမှူး ကို ၂၀၂၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၄)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒေါက်တာ မျိုးထွန်း [၁၂/တကန (နိုင်) ၀၁၉၄၈၈]၊ ဒုတိယညွှန်ကြားရေးမှူး ကို ၂၀၂၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

a Nu/2024 Gazette/gazette (24) 68

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်)

၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၄) ၏ သဘောတူခွင့်ပြုချက်အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (တီးတိန်) အား အစိုးရစက်မှုလက်မှုသိပ္ပံ (တီးတိန်) အဖြစ် အရာထမ်းရာထူး (၇၈) နေရာ၊ အမှုထမ်းရာထူး (၂၆၆) နေရာ စုစုပေါင်းရာထူး (၃၄၄) နေရာဖြင့် အဆင့်တိုးမြှင့်၍ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်)

အမှတ် ၂၁။ ဒေါက်တာ ဇာနည်အောင် (ဘ–ဦးအောင်လှ) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–၁/မကန (နိုင်) ၁၈၁၆၈၁] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၄) ဆုံးဖြတ်ချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/၂၀၂၂ (၂၂၄၉) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၅) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန်ဖြစ်သည်။

la Nu/2024 Gazette/gazette (24) 69

အမှတ် ၂၂။ ဒေါက်တာ ထက်စုစုနိုင်(ဘ–ဦးအေးကို) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–၅/မရန (နိုင်) ၂၅၈၇၁၉] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၄) ဆုံးဖြတ်ချက်အရ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ကင်းကွာ/ဆရာဝန်/၂၀၂၂ (၂၂၃၅) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၁၇) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန်ဖြစ်သည်။

အမှတ် ၂၃။ ဒေါက်တာ ဝေယံဦး (ဘ–ဦးညွန့်ဦး) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–၉/မတရ (နိုင်) ၁၅၉၄၆၄] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၄) ဆုံးဖြတ်ချက်အရ မန္တလေးမြို့၊ ခုတင် (၃၀၀) ဆံ့ သင်ကြားရေးဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ဆရာဝန်/ ၂၀၂၂ (၂၂၄၂) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၉) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန်ဖြစ်သည်။

အမှတ် ၂၄။ ဒေါက်တာ သဉ္ဇာဌေး (ဘ–ဦးဝင်းဌေး) [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–၉/ပကခ (နိုင်) ၀၃၀၅၈၇] ၏ အလုပ်ဝင်ရောက်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၄) ဆုံးဖြတ်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန် (သစ်လွင်)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

a Nu/2024 Gazette/gazette (24) 70

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၃၂) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၁၄) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း သက်ဆိုင်ရာဆေးရုံသို့ သတင်းပို့ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေလေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်ရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်)

အမှတ် ၂၅။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၉-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၄/ ၄၅၃၃ အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဥပဒေရေးရာဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ အောင်စိုး (ဆမ-၁၁၈၆၉) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၂-၇-၂၀၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၁၂-၁၁-၂၀၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၂၆။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၄/၄၆၈၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ မေ့ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ ချိုချိုလွင် (ဆမ-၁၁၃၇၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်)

အမှတ် ၂၇။ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ (ရင်ခေါင်းဆေးကု) ဒေါက်တာ ရည်ရည်နိုင် (ခ) ရီရီနိုင် (ဆမ-၁၁၃၈၁) သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၂) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ တို့အရ ငြင်းပယ်လိုက်သည်။

la Nu/2024 Gazette/gazette (24) 71

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၂) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်)

အမှတ် ၂၈။ ကျန်းမာရေးဝန်ကြီးဌာန၏ ၆-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၄/ ၅၆၆၂ အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခ ဒေါက်တာ နွယ်မာထွန်း (ဆမ-၁၁၄၆၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၇-၈-၂၀၂၄ ရက်နေ့နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၇-၁၂-၂၀၂၄ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၄)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၁၄) ဦးတို့အား ၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/ ၂၀၂၄) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် အမည်နှင့်ယှဉ်တွဲဖော်ပြပါ နေရာများအတိုင်း လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်ပေးအပ်သည့်နေရာ |
|---|---|---|
| (၁) | ဒေါ်ပြုံးပြုံး ဆလက/ ၄၄၆၈၈ | နွားထိုးကြီးမြို့နယ် (မြင်းခြံခရိုင်) |
| (၂) | ဒေါ်မိုးမိုးအေး ဆလက/ ၄၄၃၂၈ | ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီ) |
| (၃) | ဒေါ်ခိုင်ခိုင်ယဉ် ဆလက/ ၄၅၁၁၅ | ပေါင်းတည်မြို့နယ် (နတ်တလင်းခရိုင်) |

| စဉ် | အမည်၊<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ပေးအပ်သည့်နေရာ |
|---|---|---|
| (၄) | ဒေါ်ခင်မာအေး<br>ဆလက/ ၄၃၉၇၇ | ကြီးကြပ်ရေးအဖွဲ့<br>(ရှမ်း) |
| (၅) | ဦးကျော်လှဦး<br>ဆလက/၄၂၀၁၉ | ကြီးကြပ်ရေးအဖွဲ့<br>(ရခိုင်) |
| (၆) | ဒေါ်အေးအေးခိုင်<br>ဆလက/၄၂၇၀၄ | ကြီးကြပ်ရေးအဖွဲ့<br>(တံတားတည်ဆောက်ရေး) |
| (၇) | ဦးဇော်မင်းနိုင်<br>ဆလက/ ၄၅၃၅၅ | ပုလောမြို့နယ်<br>(မြိတ်ခရိုင်) |
| (၈) | ဦးအောင်မြတ်ရှိန်<br>ဆလက/ ၄၅၃၆၅ | လမ်းအထူးအဖွဲ့ (၂၂) ဘားအံ |
| (၉) | ဦးမျိုးသက်<br>ဆလက/ ၄၂၉၁၅ | ကြီးကြပ်ရေးအဖွဲ့<br>(ရှမ်း) |
| (၁၀) | ဦးနိုင်အောင်ဝင်း<br>ဆလက/ ၄၅၃၈၈ | လောင်းလုံးမြို့နယ်<br>(ထားဝယ်ခရိုင်) |
| (၁၁) | ဦးသက်လွင်<br>ဆလက/ ၄၅၃၀၆ | ကြီးကြပ်ရေးအဖွဲ့<br>(ကချင်) |
| (၁၂) | ဦးမင်းသူ<br>ဆလက/ ၄၅၃၅၈ | လမ်းအထူးအဖွဲ့ (၁၁) မင်းဘူး |
| (၁၃) | ဦးမိုးကျော်သူ<br>ဆလက/ ၄၅၈၆၂ | ဖြူးမြို့နယ်<br>(တောင်ငူခရိုင်) |
| (၁၄) | ဦးကျော်မိုးလွင်<br>ဆလက/ ၄၅၂၉၃ | ကြီးကြပ်ရေးအဖွဲ့<br>(ရန်ကုန်) |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၄)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၁၀) ဦးတို့အား ၂၀၂၄ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/ ၂၀၂၄) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် အမည်နှင့်ယှဉ်တွဲဖော်ပြပါ နေရာများအတိုင်း လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ပေးအပ်သည့်နေရာ |
|---|---|---|
| (၁) | ဒေါ်ပြည့်ဖြိုးအိကြွယ်<br>ဆလက/ ၄၇၃၈၇ | ကြီးကြပ်ရေးဌာနခွဲ<br>(အထက်မြန်မာပြည်) |

la Nu/2024 Gazette/gazette (24) 73

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန် ပေးအပ်သည့်နေရာ |
|---|---|---|
| (၂) | ဒေါ်နန်းခမ်းသိမ့်သိမ့် ဆလက/ ၄၇၆၄၂ | ကြီးကြပ်ရေးဌာနခွဲ (အောက်မြန်မာပြည်) |
| (၃) | ဒေါ်မြင့်မြင့်စိုး ဆလက/ ၄၇၈၆၂ | နမ့်ခမ်းမြို့နယ် (မူဆယ်ခရိုင်) |
| (၄) | ဒေါ်ထူးအိမော် ဆလက/ ၄၇၉၉၇ | ကြီးကြပ်ရေးအဖွဲ့ (တံတားတည်ဆောက်ရေး) |
| (၅) | ဒေါ်သီသီဦး ဆလက/၄၈၀၁၈ | ကြီးကြပ်ရေးအဖွဲ့ (တံတားတည်ဆောက်ရေး) |
| (၆) | ဒေါ်မြမြမိုး ဆလက/၄၆၆၉၅ | တာမွေမြို့နယ် (သဃ်န်းကျွန်းခရိုင်) |
| (၇) | ဒေါ်သက်စုခိုင် ဆလက/ ၄၇၆၄၁ | ပုဇွန်တောင်မြို့နယ် (သဃ်န်းကျွန်းခရိုင်) |
| (၈) | ဦးမောင်ဆက်ပိုင်ဖြိုး ဆလက/ ၄၈၃၄၅ | ကြီးကြပ်ရေးအဖွဲ့ (တနင်္သာရီ) |
| (၉) | ဒေါ်ညောင်ဆွင်းကျိန် ဆလက/ ၄၇၄၅၄ | လမ်းအထူးအဖွဲ့ (၇) ကလေး၀ |
| (၁၀) | ဒေါ်ခင်မိုးဝင်း ဆလက/ ၄၇၈၇၂ | ကျောက်တံတားမြို့နယ် (ကမာရွတ်ခရိုင်) |

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်)

၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ၏ အတည်ပြုချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း ၃၈၂၃၉ ဗိုလ်မှူး နေယု အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင်လစ်လပ်လျက်ရှိသောလစာနှုန်း(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)၊လက်ထောက် ညွှန်ကြားရေးမှူး ရာထူးနေရာ၌ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်နေ့မှစ၍ တာဝန်ချထားလိုက်သည်။

ဒေါက်တာ စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

a Nu/2024 Gazette/gazette (24) 74

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/ ၂၀၂၀ ဖြင့် ဖွဲ့စည်းထားသည့် **ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးလှိုင်ဦး — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး
(ဖုန်း–၀၉၅၀၂၂၃၀၄၊ ၀၆၇–၃၄၀၆၄၉၃)
E-mail-dg.mo@tourism.gov.mm

( ခ ) ဦးမောင်မောင်ကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း–၀၉၄၂၀၇၀၄၅၅၅၊ ၀၆၇–၃၄၀၆၀၇၈)
E-mail-dgoffice1.dhtd@gmail.com

( ဂ ) ဦးအောင်အေးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း–၀၉၅၀၃၄၅၈၂၊ ၀၆၇–၃၄၀၆၁၄၅)
E-mail-ddg.moht@tourism.gov.mm

(ဃ) ဦးမြင့်ထွေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း–၀၉၅၀၇၃၉၃၅၊ ၀၆၇–၃၄၀၆၀၈၂)
E-mail-myinthtwe@tourism.gov.mm

( င ) ဦးမျိုးဝင်းညွန့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း–၀၉၂၅၀၀၉၃၇၉၄၊ ၀၆၇–၃၄၀၆၀၉၇)
E-mail-myowinnyunt@tourism.gov.mm

la Nu/2024 Gazette/gazette (24) 75

(စ) ဦးဇေယျာမျိုးအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(ဖုန်း-၀၉၂၅၄၂၇၂၇၆၇၊ ၀၆၇-၃၄၀၆၄၄၈)
E-mail-ddg.tourism@gmail.com

(ဆ) ဦးလှမြင့် — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး
(ဖုန်း-၀၉၄၂၀၇၂၉၉၇၉၊ ၀၆၇-၃၄၀၆၄၅၄)
E-mail-hlanoel@gmail.com

၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုပြည်သူလူထုမှ နားလည်သဘောပေါက်စေရန် သတင်းထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီဖြေကြားခြင်း၊ ပြန်ကြားခြင်း၊

(ဂ) ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြင်ပမှဲ့ထင်မြင်ယူဆလွဲမှားထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများအပေါ် သတင်းမှန်ထုတ်ပြန် ပြန်ကြားခြင်း၊

(ဃ) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နယ်ရုံးခွဲများ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ပြည်သူလူထုမှ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ရုံးခွဲများအလိုက် စိစစ်ကြပ်မတ် သတင်းထုတ်ပြန်နိုင်ရေး ညွှန်ကြားဆောင်ရွက်ခြင်း။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၄)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ဆေးအဆင့်နိမ့်အီးအေ (၁/၂) အရာရှိများအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးနေရာတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည် | ဌာန |
|---|---|---|
| (၁) | ဗိုလ်ကြီး ဝေထွန်း<br>ကြည်း ၅၂၈၄၆ | ဝန်ကြီးရုံး |
| (၂) | ဗိုလ်ကြီး ထက်ပိုင်ဟိန်း<br>ကြည်း ၇၅၃၈၀ | ဝန်ကြီးရုံး |

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

အမှတ် ၇၁/၂၀၂၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | ဆန်းညွန့် | ကြည်း | ၈၀၄၁၅ | ၃-၄-၂၀၂၄ |
| (၂) | ဝင်းနိုင် | ကြည်း | ၈၀၄၁၆ | ၆-၄-၂၀၂၄ |
| (၃) | အောင်စိန်ထွန်း | ကြည်း | ၈၀၄၁၇ | ၂၃-၄-၂၀၂၄ |
| (၄) | အေးလွင် | ကြည်း | ၈၀၄၁၈ | ၂၄-၄-၂၀၂၄ |

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၇၂/၂၀၂၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ခင်မောင်ဇော် ကြည်း ၈၀၄၁၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

a Nu/Gazette 2024/gazette (24) (II) 1

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၃။ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးဇော်မင်းထွဋ် အား ၂၆-၅-၂၀၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားရန် လျှောက်ထားချက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်ပြီး၊ နည်းဥပဒေ (၈၇) (၈၉) တို့အရ ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၆-၉-၂၀၂၄ ရက်နေ့မှ ၂၅-၁-၂၀၂၅ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဦးသောင်းထိုက် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးဇော်မင်းထွဋ် ၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန် ထမ်းဆောင်စေလိုက်သည်။

အမှတ် ၄။ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးညီညီလွင် အား ၁၁-၅-၂၀၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားရန် လျှောက်ထားချက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်ပြီး၊ နည်းဥပဒေ (၈၇) (၈၉) တို့အရ ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၁-၉-၂၀၂၄ ရက်နေ့မှ ၁၀-၁-၂၀၂၅ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသာယာ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးညီညီလွင် ၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန် ထမ်းဆောင်စေလိုက်သည်။

ခင်ဇော်-၂
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၄၂။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၄) အစီအစဉ် ၄ (ဃ-၂) ၌ သဘောတူဆုံးဖြတ်ချက်အရ မော်လမြိုင်တက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာ ဇော်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေအပိုဒ် (၈၁) အရ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပါမောက္ခ ဒေါက်တာ ဇော်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေအပိုဒ် ၂၃၃ (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ဝင်းထွန်း
ညွှန်ကြားရေးမှူးချုပ်

a Nu/Gazette 2024/gazette (24) (II) 2

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**TW SEVEN COMPANY LIMITED**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**TW SEVEN COMPANY LIMITED** နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၇ ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၁၇၈) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်ခင်ဇာလီအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၃၅၂)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

a Nu/Gazette 2024/gazette (24) (IV) 1

**ZIN YAW MIN GENERAL PRODUCTION COMPANY LIMITED**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**ZIN YAW MIN GENERAL PRODUCTION COMPANY LIMITED** နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ နံနက် ၁၀:၃၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဘုရားကျောင်းလမ်း၊ အမှတ် (၂) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါက်တာ မြမာလာအေး

တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၃၅၂)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**KABYAR FAMILY COMPANY LIMITED**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**KABYAR FAMILY COMPANY LIMITED** နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ နံနက် ၁၁:၀၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၀ (B) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်ခင်ဇာလီအောင်

တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၃၅၂)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

a Nu/Gazette 2024/gazette (24) (IV) 2

ပ၊ ထ၊ န - အမှတ် ၆၃၆/၂၃/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၁၅၀/၁၄-၆-၂၀၂၄။